# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ (၁-၁၀-၂၀၂၆)
## အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

| စဉ် | မေးခွန်းနှင့် ဥပဒေကြမ်း | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၁ | **ဦးလှတင့်၊ လသာမဲဆန္ဒနယ်**က မီတာခကောက်ခံမှုစနစ်အား ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှု စနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က အချိန်နှင့်တစ်ပြေးညီ သိရှိမည့်မီတာခကောက်ခံမှုစနစ်ဆောင်ရွက်ရန် အခြေခံအဆောက်အအုံများ၊ ဆက်သွယ်ရေးကွန်ယက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အပြည့်အဝအကောင်အထည်ဖော်တည်ဆောက်ရမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးတင့်လွင်၊ လောင်းလုံးမဲဆန္ဒနယ်**က လောင်းလုံးမြို့ပေါ်ရပ်ကွက် (၄)ခုနှင့် ဆက်စပ်ကျေးရွာများအား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ပျက်စီးသည့် ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်**က တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်း ရောက်ရှိအောင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က တမူးဓာတ်အားခွဲရုံတည်ဆောက်ရန် ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်တွင် လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ လျာထားစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဦးကျော်မြင့်နိုင်၊ နောင်ချိုမဲဆန္ဒနယ်**က နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စုသို့ ဓာတ်အားခွဲရုံတစ်ရုံနှင့် (11kv) အစိုးရလျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်းနှင့် ဥပဒေကြမ်း | အဖြေနှင့် ဆုံးဖြတ်ချက် |
| --- | --- | --- |
| ၅ | **ဦးမြင့်ကို၊ တနိုင်းမဲဆန္ဒနယ်**က တနိုင်းမြို့ပေါ်ရပ်ကွက် (၇)ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအား နေ့စဉ်လျှပ်စစ်မီး (၃)နာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က နယ်မြေအခြေအနေ ကောင်းမွန်ချိန်တွင် ကျွမ်းကျင်ပညာရှင်များအား စေလွှတ်၍ ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်၂လုံးအား ပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **စိုင်းထွန်းလင်း၊ မိုးနဲမဲဆန္ဒနယ်**က မိုးနဲမြို့ရှောင်လမ်းစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က လက်ရှိအခြေအနေအရ ယာဉ်သွားလာမှုအတွက် ကောင်းစွာလုံလောက်မှုရှိ၍ လတ်တလော ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးကျော်သူရ၊လက်ပံတန်းမဲဆန္ဒနယ်**က လက်ပံတန်း-သာရဝေါသွား မဟာဗျူဟာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း (သို့မဟုတ်)အကြီးစား ပြင်/ထိန်းပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပျက်စီးနေသည့် လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းအား နှစ်အလိုက်အဆင့်ဆင့်တိုးမြှင့် လျာထားသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးရန်ကျော်၊ မက်မန်းမဲဆန္ဒနယ်**က မက်မန်းမြို့နယ်၌ ဘဏ္ဍာရေးနှစ် (၁)နှစ်လျှင် ကွန်ကရစ်လမ်း (၃)မိုင်မှ (၅)မိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကွန်ကရစ်ခင်းခြင်း ၂ ဖာလုံနှင့် လမ်းမျက်နှာပြုပြင်ခြင်း ၂/၄ မိုင် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၉ | **ဦးစန်းမောင်၊ ဘိုကလေးမဲဆန္ဒနယ်**က ဘိုကလေး၊ ကြိမ်ချောင်းကြီးလမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး ကဒုံကနိလမ်းပိုင်းတို့အား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဖာလုံနှင့် ပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံဆောင်ရွက်ပြီး ကတ္တရာလမ်းသစ်ခင်းခြင်း ၂ မိုင်အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်းနှင့် ဥပဒေကြမ်း | အဖြေနှင့် ဆုံးဖြတ်ချက် |
|---|---|---|
| ၁၀ | **ဦးစိုးတင့်နိုင်၊ မကွေးမဲဆန္ဒနယ်**က မကွေးမြို့နယ်၊ ဂုဏ်ကြီးကုန်း၊ ယင်းကွေ့ချောင်းနှင့် လက်ပံတိုကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရာသီမရွေး သွားလာနိုင်ရန် ကျောက်ခင်းခြင်းလုပ်ငန်း ၁ မိုင် ၄ ဖာလုံကို လျာထား သွားမည်ဖြစ်ပြီး ကျန်ရှိသောအမာခံလမ်းပိုင်းအား နှစ်အလိုက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁ | **ဦးခင်မောင်သန်း၊ ကလေးမဲဆန္ဒနယ်**က ကလေး-ဂန့်ဂေါလမ်းရှိ ကမ္ဘာနီသံကူကွန်ကရစ်တံတား ဆောက်လက်စအား ရပ်နားထားခဲ့ သဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က တံတားတည်ဆောက်ရေးလုပ်ငန်း ၇၀% ပြီးစီးပြီဖြစ်သော်လည်း ကျန်ရှိသည့် အပေါ်ထည်လုပ်ငန်းများအား လတ်တလောတွင် ပြန်လည်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသည့် "အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" | အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုပါသည်။ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသည့် "တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း" | အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုပါသည်။ |